ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

သမဝါယမဦးစီးဌာန

**နေပြည်တော်**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအဆင့်ဆင့်(ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံး၊ မြို့နယ်ရုံး၊ သင်တန်းကျောင်း)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၉၆) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ<br>(ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ) |
| (ခ) | ယာဉ်မောင်း(၅)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၄) | အခြေခံပညာမူလတန်းအဆင့်ရှိသူ<br>(ယာဉ်မောင်း"ခ"လိုင်စင်ရှိပြီး<br>ယာဉ်ကိုကျွမ်းကျင်စွာမောင်းနှင်နိုင်သူ) |
| (ဂ) | ရုံးအကူ<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁၂) | သမဝါယမဦးစီးဌာနအတွက်လျှောက်ထား<br>သူများမှာ အခြေခံပညာအထက်တန်း<br>အောင်နှင့်အထက်ရှိသူ၊ သင်တန်းကျောင်း<br>အတွက်လျှောက်ထားသူများမှာ<br>အခြေခံပညာ အလယ်တန်းအောင်မြင်သူ |
| (ဃ) | အစောင့်<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၅) | အခြေခံပညာမူလတန်းအဆင့်ရှိသူ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁-၁-၂၀၂၆)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၄၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူတင်ပြရမည်ဖြစ်ပြီး အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)ခံရသူများအနေဖြင့် လျှောက်ထားခွင့်မရှိပါ။

(စ) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့်နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများ အနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်တစ်မျိုးမျိုးကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ် အမျိုးအစားကို လျှောက်လွှာတွင် ထည့်သွင်းဖော်ပြရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုး၍) ပူးတွဲတင်ပြရမည် -

(က) ကိုယ်ရေးလျှောက်လွှာ

( ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

( ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ယာဉ်မောင်း-၅ ရာထူးအတွက် သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူနှင့် ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အစောင့်ရာထူးအတွက် သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ

( င) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၂)ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

( စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ကိုယ်တိုင်ကတိဝန်ခံချက်၊

( ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သက်တမ်းတိုးပြီး)

(ဈ) ကျန်းမာကြောင်းဆေးထောက်ခံစာ [လွန်ခဲ့သော (၁)ပတ်အတွင်း]

(ည) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်နှင့် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိ

၄။ လျှောက်လွှာကို သမဝါယမဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနရုံးများသို့ (၁၁-၂-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော၊ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် သမဝါယမဦးစီးဌာန(ရုံးချုပ်)သို့ (၁၁-၂-၂၀၂၆)ရက်နေ့နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။ [ **ကြိုတင်လျှောက်လွှာ(၁)စောင်ကို ရေးဖြေဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။** ]

၆။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲကို ၎င်းတို့လျှောက်လွှာပေးပို့ခဲ့သည့် သမဝါယမဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာနရုံးများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားကို (၁၉-၂-၂၀၂၆)ရက်နေ့မှ (၂၀-၂-၂၀၂၆)ရက်နေ့ထိ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို (၂၃-၂-၂၀၂၆)ရက်နေ့တွင် (၀၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ မြန်မာစာနှင့် (၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ (၂၄-၂-၂၀၂၆)ရက်နေ့တွင် (၀၉:၀၀)နာရီမှ(၁၁:၀၀)နာရီထိ သုတရေးရာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ ရုံးအကူ/အစောင့်ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းကို (၂၆-၂-၂၀၂၆)ရက်နေ့တွင်လည်းကောင်း၊ ယာဉ်မောင်း-၅ ရာထူးအတွက် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကို (၂၇-၂-၂၀၂၆)ရက်နေ့တွင်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့်အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားလာရောက်ထုတ်ယူချိန်နှင့်ကျန်ရာထူးများအတွက် လက်တွေ့နှင့်လူတွေ့စစ်ဆေးခြင်းဖြေဆိုရန် သတင်းပေးပို့ချိန်တွင် လျှောက်လွှာနှင့် ပူးတွဲတင်ပြခဲ့သည့် **အထောက်အထားမူရင်း**များကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ်သိရှိလိုပါက သမဝါယမဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၀၃၃၆)၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာန ရုံးများနှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သမဝါယမဦးစီးဌာန(ရုံးချုပ်)**